# AROMA
ဝိ ညာဉ် ရေး ထု စာ စောင်

Calvary Burmese Church, 755, 8th Street, NW Washington DC 20001, Tel; (202) 347-8355, www.geocities.com/aromadc; www.cbc-dc.com

March 2009 အတွဲ ၆၊ အမှတ် ၃။ ကရာနီမြန်မာအသင်းတော်(ဝါရှင်တန်ဒီစီ)ဧဝံဂေလိနှင့်သာသနာပြုဌါနမှထုတ်ဝေသည်။

**ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ကိုယ်ကိုကိုယ်ဆက်ကပ်၍ယဇ်ပူဇော်လျက်၊ ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့။ (ဧဖက် ၅း၂)**

## ယခုလဖတ်စရာ

– နောင်တနှင့်ပြန်လာခြင်း၏အကျိုး
– မှန်ကန်စွာချိန်ဆတတ်ပါစေ
– နောက်လှည့်မကြည့်နှင့်

**ဝိညာဉ်ရေးအကြံပေး**
သိက္ခာတော်ရဆရာစောလယ်ထူး

**အယ်ဒီတာအဖွဲ့**

ဦးကမ် **(ထုတ်ဝေရေး)**
ukamaroma@gmail.com
သောင်းနိုး **(ကွန်ပြူတာစာတည်း)**
thawngnoaroma@gmail.com

**ကွန်ပြူတာစာစီ**

တိုးတိုးခိုင်

---

စာမူပေးပို့လိုသူများအောက်ပါ
လိပ်စာသို့ပေးပို့နိုင်ပါသည်။

3401 Sudlersville South
Laurel, MD 20724
Tel: 301-776-6820

# နောင်တနှင့်ပြန်လာခြင်း၏အကျိုး

*'ငါတို့ရှိသမျှသည် သိုးကဲ့သို့လမ်းလွဲလျက်၊ ကိုယ်လမ်းသို့ အသီးအသီး လိုက်သွားကြသည်ဖြစ်၍၊ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ့အပေါ်၌တင်တော်မူ၏'* (ဟေရှာယ ၅၃း၆)

ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့တော်၌ သိုးကဲ့သို့ဖြစ်ပါသည်။ ဘုရားသခင်၏ သိုးခြံ၌ ရှိသောသိုးများမှာ လုံခြုံမှုရှိသည်။ စားဖို့၊ နေဖို့၊ အိပ်ဖို့မှစ၍ လိုအပ်သမျှဘုရားသခင်က ကြည့်ရှုပြုစု တာဝန်ယူပါသည်။

သိုးခြံအပြင်၌ရှိသောသိုးများမှုကား လုံခြုံမှု၊ ငြိမ်ဝပ်မှုမရှိ၊ ဘုရားသခင်၏ တာဝန်ယူကြည့်ရှုမှုကို မခံရပါ။ ဘုရားသခင်နှင့် အဆက်ပြတ်နေကြသောသူများသည် လမ်းလွဲနေသော သိုးကဲ့သို့ဖြစ်သည်။ ထိုသူများသည် မိမိကောင်းမည်ထင်သည့်လမ်းကို လျှောက်ကြသည်။ မိမိဉာဏ်ကိုအမှီပြုပြီးအသက်ရှင်ကြသည်။ ထိုသို့ရှင်ကြရင်း ဟန်ကျသည့်အခါလည်း ရှိသည်။ ဆုံးရှုံးသည့်အခါလည်း ရှိသည်။ ဘုရားရှင်ကိုမသိဘဲ မိမိဉာဏ်ကိုအမှီပြု၍ ရှာဖွေရရှိသော အကျိုးစီးပွားနှင့်ဘုရားရှင် ကိုသိရှိပြီးမှ ရရှိသောကောင်းချီးသည် မတူပါ။ များစွာခြားနားပါသည်။

## ပျောက်သောသိုး၏အခြေအနေ

*'သင်တို့တွင် တစ်စုံတစ်ယောက်သောသူ၌ သိုးတစ်ရာရှိ၍ သိုးတစ်ကောင်ပျောက်လျှင် ကိုးဆယ့်ကိုးကောင်သောသိုးတို့ကို တောတွင်ထားခဲ့ပြီးမှ ပျောက်သောသိုးတစ်ကောင်ကို မတွေ့မှီတိုင်အောင် သွား၍မရှာဘဲ နေမည်လော'* (လု ၁၅း၃ )

သခင်ခရစ်တော်မိန့်တော်မူသော ဤ ဥပမာ၌ သိုးတစ်ရာရှိသောသိုးထိန်းတစ်ဦးသည် သိုးတစ်ကောင်ပျောက်သွားပါက ကျန်သိုး

You are Heaven's Custom Design !

များကိုထားခဲ့ပြီးမှ ပျောက်သောသိုးတစ်ကောင်ကို မတွေ့တွေ့အောင် ရှာမည်ဟု ဖော်ပြထားပါသည်။

သိုးခြံသည် အသင်းတော်ကိုပုံဆောင်ခြင်းဖြစ်ပါသည်။ သိုးခြံအတွင်း၌ရှိသောသိုးတို့သည် လုံခြုံ၍ စားစရာသောက်စရာနေရာ ပြည့်စုံပြီး ကောင်းစွာပြုစုခြင်းခံရသကဲ့သို့၊ အသင်းတော်တွင်း၌ ရှိသောယုံကြည်သူတို့၏ အသက်တာလည်းလည်းလုံခြုံမှုရှိသည်သာမက ဘုရားသခင်၏မစမှု ကောင်းချီးနှင့်ပြည့်စုံစွာ ခံစားရပါသည်။ သိုးခြံတွင်း၌ ပျောက်သောသိုးသည် လုံခြုံမှုမရှိသည်သာမက ငြိမ်သက်ခြင်းလည်း ရှိမည်မဟုတ်ပေ။ အန္တရာယ်ကျရောက်လာမည်ကို အစဉ် စိတ်ပူနေရမည်ဖြစ်သည်။ ပျောက်သောသိုးက ခြေဦးတည့်ရာသွားရသည်။ ရရာအစာကို ရှာစားရသည်။ သိုးရုပ်မပေါက်ပါ။ ရံဖန်ရံခါ မြက်ကောင်းစားရသော်လည်း အန္တရာယ်ကိုကြောက်နေရသည်။ တခါတရံဟန်ကျပြီး အဆင်ပြေသယောင်ထင်ရသော်လည်း စိတ်နှလုံး၌ ငြိမ်သက်ခြင်းမရှိ။

ထို့အတူ လောကထဲ၌ ပျောက်နေပြီး ဘုရားသခင်ထံသို့ပြန်မရောက်သေးသောသူမှာလည်း အသက်တာ၌ ကိုယ့်နည်းကိုယ့်ဟန်နှင့်အသက်ရှင်နေရသဖြင့် တစ်ခါတစ်ရံ ဟန်သလိုလိုရှိသော်လည်း၊ တခါတရံလည်း ဒုက္ခပြဿနာနှင့် ကြုံရသည်။ ဘုရားထံသို့ပြန်ရောက်လာသောသူမှုကား၊ ဘုရားသခင်၏ ရောင်ပြန် ဟပ်မှုကြောင့် အရောင်တောက်လာပါသည်။ ပျောက်သောသိုးကို သိုးထိန်းကရှာသလို ပျောက်သောသူကို ဧဝံဂေလိဆရာများအားဖြင့် ဘုရားသခင်က ရှာလျက်ရှိပါသည်။ ဘုရားရှင်ထံသို့ပြန်မရောက်သေးသော သူကား ဒုက္ခပြဿနာထဲမှာ ကျင်လည်နေကြရသည်။ ဒုက္ခပြဿနာထဲ၌ ဘုရားကိုခေါ်သောသူများမှုကား ဘုရား၏သက်သေကိုတွေ့ပြီး ဘုရားသခင်ထံသို့ ပြန်လာကြသူများစွာရှိပါသည်။ ပျောက်သောသိုးကို သခင်ကရှာ၍တွေ့ သည့်အခါ ပခုံးပေါ်တင်ထမ်းပြီးဝမ်းမြောက်စွာ ပြန်လာပါသည်။ ပျောက်သောသူသည်ဒုက္ခပြဿနာထဲမှ ဘုရားရှင်ကိုတွေ့သွားသည်အခါ ဘုရားသခင်က ဝမ်းမြောက်စွာဖြင့်ကြိုဆိုပါသည်။ ထိုသူ၏အသက်တာက သစ်လွင်ပြီး ခြားနားသွားပါသည်။ ပျောက်သောသူသည် ဘုရားသခင်ကိုမသိမှီက ဒုက္ခပြဿနာထဲ၌ အဖြေမရှိ၊ မိမိဉာဏ်နှင့် လျှောက်လှမ်း၍ အာမခံချက်မရှိ။ တစ်ချိန်လုံးစိုးရိမ်ပူပန်စိတ်တို့ဖြင့် အသက်ရှင်ရသော်လည်း၊ ဘုရားရှင်ထံသို့ ပြန်ရောက်ပြီးနောက် လုံခြုံမှုရှိရုံမျှမက ငြိမ်ဝပ်စွာအိပ်၍ပျော်သောအခွင့်ကို ဘုရားသခင်အားဖြင့် ရရှိပါသည်။ ဘုရားသခင်၌ စားဖို့၊ သောက်ဖို့၊ နေဖို့မပူရပါ။ သိုးခြံထဲ၌ ရှိသောသိုး၏အသက်တာ ပြည့်စုံသကဲ့သို့၊ ဘုရားသခင်ထံပြန်၍ ရောက်ရှိလာသူအား ကိုယ်တော်ကပြည့်စုံစွာတာဝန်ယူပါသည်။

## ပျောက်သောသား၏ခဲယဉ်းမှု

(လု ၁၅း၁၁–၂၄) တွင် ပျောက်သောသားအကြောင်းဖော်ပြထားသည်ကို တွေ့ရသည်။ သားနှစ်ယောက်အနက် သားအငယ်က အဖေမသေမှီ အဖေ့ထံမှအမွေတောင်းပါသည်။ အမွေသည် ဖခင်သေမှ ဖခင်၏စီမံခဲ့မှုဖြင့် ရယူရသောအရာဖြစ်သော်လည်း သားငယ်၌ ထိုအစီအမံကို မနာခံလိုသောသဘော၊ ပုန်ကန်လိုသောသဘောနှင့် ကိုယ့်လမ်းကိုယ်လျှောက်ချင်သောသဘောရှိကြောင်း တွေ့ရသည်။ ထိုသို့သောသားမျိုးကို ဓမ္မဟောင်းကာလက ကျောက်ခဲနှင့်ပစ်၍ အသေသတ်စေပါသည်။

'အဘ၌ ဆိုးသောသား၊ ခက်ထန်သောသဘောရှိ၍ မိဘစကားကို နားမထောင်သောသား။ မိဘတို့ဆုံးမသော်လည်း ဆုံးမခြင်းကို မခံသောသားရှိလျှင် မိဘတို့သည် ထိုသားကိုဆွဲကိုင်၍ မြို့၌အသက်ကြီးသူတို့ရှိရာ မြို့တံခါးဝသို့ ဆောင်ခဲ့ပြီးလျှင်. .မြို့သားယောကျ်ားအပေါင်းတို့သည် ထိုသားကို ကျောက်ခဲနှင့်ပစ်၍ အသေသတ်ရကြမည်' (တရား ၂၁း၁၈–၂၁)

ယခုဖခင်က ထိုသို့မပြု သားဆန္ဒအတိုင်းပေး၍ လွှတ်လိုက်ပါသည်။ သားငယ်သည် ငွေရသည်နှင့်ဝေးစွာသောပြည်ကို ထွက်သွားပြီး ကာမဂုဏ်၌လွန်ကျူး၍ သောက်စားသုံးဖြုန်းသဖြင့် ရှိသမျှဥစ္စာကုန်သွားပါသည်။ ဥစ္စာပေါများစဉ်က သုံးဖြုန်းနိုင်သော်လည်း ယခုခေါင်းပါးလာသဖြင့် ချို့တဲ့ခြင်းနှင့် ဒုက္ခပြဿနာက အစပြုလာပါသည်။ ထိုသားသည် မိမိလုပ်ချင်တာလုပ်ပြီး ရှိသမျှကုန်၍ အလွန်ဆင်းရဲခြင်းသို့ရောက်လျှင် ရရာအလုပ်ကိုဝင်၍လုပ်သဖြင့် သခင်တစ်ဦးထံ၌ ဝက်ကျောင်းသော အလုပ်ကိုဝင်လုပ်ရပါသည်။ ထိုသားသည် 'ဂျူး' ဖြစ်သည်။ 'ဂျူး' လူမျိုးတို့ကဝက်သားမစားရ ရုံသာမက ဝက်ကိုပင်မမွေးရပါ။ ဝက်သည်သူတို့အတွက် ရွံရှာဖွယ်ဖြစ်သည်။ သို့သော် ယခုထိုသားငယ်သည် ဒုက္ခရောက်ပြီး စားစရာမရှိသဖြင့် ဝက်ကျောင်းသားအလုပ်ကို ဝင်၍လုပ်ရခြင်းဖြစ်ပါသည်။ ဘုရားသခင်ကိုကျောခိုင်း၍ ထွက်ခွာသွားသောသူ၏ အသက်တာသည် ထိုသို့ဖြစ်ပါသည်။

ပျောက်သောသူတို့ကို ဘုရားသခင်က ဧဝံဂေလိ ဆရာများကို စေလွှတ်၍ ရှာစေပါသည်။ သားအခွင့်အရာကိုရပြီးမှ ပျောက်သွား

သောသားမှုကား မိမိအသက်တာကို မိမိ စစ်ဆေး၍ မိမိအခြေအနေမှန်ကိုမြင်ပြီး နောင်တနှင့် ဘုရားသခင်ထံသို့ ပြန်လာဖို့ ဖြစ်ပါသည်။

သားငယ်သည် မိမိရှိသမျှဥစ္စာကုန်ဆုံးစဉ် ကပင် နောင်တရချင်နေပြီဖြစ်သည်။ သူသည် ဝက်တို့ကိုထိန်းကျောင်းနေစဉ် အလွန်ငတ်မွတ် သဖြင့် ဝက်တို့စားသောပဲတောင့် ကိုပင် စားချင် မတတ်မွတ်သိပ်မှု ပြင်းပြသည့်အခြေသို့ ရောက် ခဲ့ပါသည် သူသည်သူဌေးသားဖြစ်သည် အဆိုး ဆုံးအခြေအနေကို ကြုံတွေ့ ခံစားနေရပါသည်။

ဘုရားသခင်နှင့် ဝေးဝေးနေသောသူတို့၏ အသက်တာသည် ထိုကဲ့သို့ပင်ဖြစ်ပါသည်။ သားငယ်သည် ဝက်စားသောပဲတောင့်ကို စားချင်မတတ်ဖြစ်သော်လည်း မစားခဲ့ရပါ ထိုအချိန်၌ သူသည်ဖခင်အိမ်၌ နေခဲ့ရသော အချိန်ကို ပြန်၍စဉ်းစားပါသည်။ သူသည်မိမိမှား ယွင်းခဲ့မှုကိုပြန်ပြီး နောင်တရလျက်ရှိသည်။ ဖခင်အိမ်၌ရှိသောအခစားသူများက ဝစွာ စားကြရသည်။ မိမိက သေအောင်အငတ်ခံရ သည်။ အဘထံသို့ပြန်သွားတော့မည်။ ရောက်လျှင် ‘‘အဘ.. ကျွန်ုပ်သည် ဘုရားသခင် ကိုငှင်း၊ ကိုယ်တော်ကိုငှင်း၊ ပြစ်မှားပါပြီ။ ယခုမှ စ၍ သားဟုခေါ်ခြင်းကိုမခံထိုက်ပါ။ သူငှားအရာ၌ ထားဖို့ရန်ပြောမည်ဟုအကြံရှိလျှက် ထ၍ အဘထံသို့ပြန်လာခဲ့ပါသည်။ မိမိအပြစ်ကို မြင်၍ နောင်တစိတ်နှင့် ကျိုးပဲ့သောနှလုံးသား နှင့် ပြန်လာသောသား၏နှလုံးသား၌ နှိမ့်ချခြင်း သဘောပါရှိပါသည်။ ဘုရားရှင်ထံသို့ပြန်လာလို သောလူတိုင်း၏ အသက်တာ၌အလှူငွေမလို၊ အ ခြားမည်သည့်အရာမျှ မလိုပါ။ ကျိုးပဲ့သောနှလုံး သားနှင့်နှိမ့်ချခြင်းသဘောသာ လိုအပ်ပါသည်။ ဤနေရာ၌ နောင်တစိတ်နှင့်ဖခင်ထံပြန်လာ သောသား၏ နှလုံးသားကိုစဉ်းစားပါက ဖခင်ဖြစ်သူကလက်ခံပါ့မလားဟူသော စိုး ရိမ်စိတ်၊ ပူပန်စိတ်ဖြင့်ပြည့်နေမည် ဖြစ်သလို၊ သားငယ်၏ အဖအိမ်သို့အပြန်ခြေလှမ်း တို့ သည်လည်း စိုးရိမ်စိတ်တို့ဖြင့် လေးလံနေမည် သာဖြစ်သည်။

## နောင်တနှင့်ပြန်လာခြင်း၏အကျိုး

ပျောက်သောသားငယ်သည် အဖအိမ် သို့အပြန်လမ်းတွင် ဝေးသောနေရာ၌ ရှိသေး သော်လည်း အဘသည် အဝေးမှပင် သူ့ကိုမြင် တွေ့ပါသည်။ အဘသည်သားကို မြင်တွေ့သည် နှင့် သား၏နွမ်းရိရှိုတဲ့နေသောအ ဖြစ်ကိုမြင်လျှင် သနားသောစိတ်ရှိ၍ ပြေးသွားပြီး လည်ပင်း ကိုပိုက်ဖက်လျှက် နမ်းရှုံ့ပါသည်။ အဘဖြစ် သူသည် သားငယ်အိမ်မှထွက်သွားသည့် အ ချိန်မှစ၍၊ နောင်တစိတ်နှင့် မိမိအမှားကိုမြင်ပြီး ပြန်လာမည့်အချိန်ကို နေ့စဉ်စောင့်မျှော်နေပါ သည်။ထို့ကြောင့် သားပြန်လာသည်ကို အဝေးကပင် တွေ့မြင်ခြင်းဖြစ်ပါသည်။ ဝက် ကျောင်းရာမှ ပြန်လာသောသားသည် ညစ်ထေး နေမည်ဖြစ်သည်။ သို့သော်ဖခင်သည် သားအား ခွင့်လွှတ်ခြင်းဖြင့်ဖက်ရမ်းပြီးနမ်းရှုံ့ပါသည်။

ယနေ့ကျွန်ုပ်တို့အသက်တာ၌ ထိုသား ငယ်ကဲ့သို့ ဝက်စာကိုပင်စားချင်မတတ် အခြေအနေမျိုး၌ ရှိနေပါသလား သို့ဖြစ်လျှင် နောင်တစိတ်နှင့် ဘုရားသခင်ထံသို့ပြန်လာပါ။ ဖခင်သည်သားငယ်ကို လက်ခံသကဲ့သို့ ဘုရား သခင်သည်ကျွန်ုပ်တို့ကို ဝမ်းမြောက်စွာ ကြိုဆို လက်ခံဖို့ရန် စောင့်မျှော်နေပါသည်။ ဖခင်သည် နောင်တနှင့်ပြန်လာသော မိမိသားကို လက်ခံ ရာ၌ သူငှားအနေနှင့် လက်ခံခြင်းမဟုတ်ပါ။ ယခင်ကကဲ့သို့ပင် သားအရာ၌ပြန်၍ လက်ခံချီး မြှောက်ခြင်း ဖြစ်ပါသည်။ အဘက မြတ်သော ဝတ်လုံကိုယူခဲ့စေပြီး သူ့အား ဝတ်ခြုံစေပါသည်။

ယနေ့ကျွန်ုပ်တို့အပြစ်သားဘဝ၌ ကျင် လည်ပြီး နောင်တစိတ်နှင့်ဘုရားသခင်ထံ ပြန်လာပါက ဘုရားသခင်သည် ကျွန်ုပ်တို့ကို သားအနေနှင့် လက်ခံပြီးဖြောင့်မတ်ခြင်း ဝတ်လုံကို ဝတ်ဆင်စေပါသည်။ တဖန် အဘ သည် သားအား လက်၌လက်စွပ်တန်ဆာကို ဝတ်ဆင်စေပါသည်။ လက်စွပ်သည် အခွင့် အာဏာကို ဖော်ပြခြင်းဖြစ်ပါသည်။ ဖခင် ကသားအား ယခင်အရိုက်အရာနှင့် အာဏာကို ပြန်၍ ပေးပါသည်။

ယနေ့ ဘုရားသခင်၏သားသမီးတိုင်း၌ အာဏာရှိပါသည်။ ကျွန်ုပ်တို့သည် ဘုရား သခင်၏ သားသမီးမှန်ပါက နတ်ဆိုးဝိညာဉ်ဆိုး များကို ကြောက်စရာမလိုပါ။ နတ်ဆိုးဝိညာဉ်ဆိုး များအပေါ်၌ အာဏာရှိပါသည်။ ထိုအာဏာကို ဘုရားသခင်၏အလိုတော်နှင့်အညီ သုံးပိုင်ခွင့် ရှိပါသည်။ ဖခင်သည် သားငယ်အား လက်စွပ် တန်ဆာကိုဝတ်ဆင်စေပြီးနောက် ခြေနင်း ကိုလည်း စီးစေပါသည်။ သားငယ်သည် ကျွန်ကဲ့ သို့ပြန်လာသဖြင့် သူ၌ဖိနပ်မရှိပါ။ ကျွန်တို့ကို ကြည့်ပါက သူတို့၌ဖိနပ်မရှိပါ။ သားသည် ကျွန် ကဲ့သို့ပြန်လာသော်လည်း ဖခင်ကသား ကဲ့သို့ပင် ပြန်၍ လက်ခံပါသည်။ ထိုနည်းတူ ကျွန်ုပ်တို့ အသက်တာ၌ မိမိတို့အပြစ်များကိုဝန်ခံ၍ ဘုရားသခင်ရှေ့တော်သို့ ပြန်လာသောအခါ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဖြောင့်မတ်သောသူအနေဖြင့်ပြန်၍ လက်ခံ ပါသည်။ သားအရိုက်အရာနှင့် ချီးမြှောက်ခြင်းကို ခံရပါသည်။ ဖခင်သည်သားအား လက်စွပ်တန် ဆာကို ဆင်စေပြီး ခြေနင်းကိုစီးစေရုံမျှမက ဆူအောင်ကျွေးသော နွားလေးကို သတ်စေ ပါသည်။ မိမိသားပြန်လာသည် ကိုလက်ခံ ရုံမျှမက ပွဲလုပ်၍ ဝမ်းမြောက်ခြင်းကိုပြုပါသည်။

ယနေ့နောင်တနှင့်ပြန်လာသော အသက်တာသည် သခင်ခရစ်တော် အတူပါလာသောကြောင့် ဝမ်းမြောက်စရာဖြစ်ပါသည်။ ကျွန်ုပ်တို့အသက်တာထဲ၌ သခင်ခရစ်တော်ဝင်ရောက်လာသောအခါ ပျော်စရာကောင်းပါသည်။ အသက်တာပြောင်းနှင့်မတူခြားနားသော အသက်တာကိုခံစားရပါသည်။ သခင်ခရစ်တော်သည် အောင်မြင်ခြင်း၏ အရှင်ဖြစ်တော်မူပါသည်။ သခင်ခရစ်တော်အတူပါရှိသောသူသည် အိမ်ထောင်၌ သာယာမှုရှိသလို အလုပ်၌ သာယာမှုရှိမည်ဖြစ်သည်. ကားတိုင်တော်၏တန်ခိုးသည် ကျွန်ုပ်တို့ကိုအောင်မြင်စေပါသည်။ ရှင်ပြန်ထမြောက်ခြင်း၏တန်ခိုးသည် ကျွန်ုပ်တို့ကို အောင်မြင်စေပါသည်။ ရှင်ပြန်ထမြောက်ခြင်း၏တန်ခိုးသည် ကျွန်ုပ်တို့အားအသက်တာပြောင်းနှင့်မတူသော အောင်မြင်ခြင်း၏ တန်ခိုးကိုခံစားစေပါသည်။ ထိုအရှင်သင့်နှလုံးသားထဲ၌ရှိပြီလား ထိုအရှင်သည် သင်၏နှလုံးသားထဲသို့ဝင်ရောက်၍ သင့်အသက်တာအား အောင်မြင်မှုနှင့် ဝမ်းမြောက်မှုကို ခံစားစေလိုပါသည်။ လောကအရာနှင့် မပြည့်စုံသော်လည်း ဘုရားသခင်အတူပါရှိပါကအားလုံးပြည့်စုံစေပါသည်။ ယနေ့ကုန်ဈေးနှုန်းကြီးမြင့်နေသော်လည်းဘုရားသခင် အတူပါရှိသောသူ၏ အသက်တာအတွက် ပြဿနာမရှိပါ။ ကျွန်ုပ်တို့အသက်တာထဲ၌ ကိုယ်တော်ရှင်အတူပါရှိပြီး ကိုယ်တော့်ကိုကိုးစားခိုလှုံ၍ အသက်ရှင်ပါက ထိုက်တန်သောကောင်းချီးမင်္ဂလာနှင့် လိုအပ်မှုကိုပြည့်စုံစွာ ချပေးမည်ဖြစ်ပါသည်။

ထို့ကြောင့်ကျွန်ုပ် တို့အသက်တာ၌ သခင်ယေရှုခရစ် ကိုကယ်တင်ရှင်အဖြစ် လက်ခံခြင်းအားဖြင့် ‘ထူးခြားသောအသက်တာ’ ‘အောင်မြင်သောအသက်တာ’ ကိုခံစားဖို့ဖြစ်သလို၊ ကိုယ်တော်ကိုကယ်တင်ရှင်အဖြစ် ယုံကြည်ပြီးသား အဖြစ်လက်ခံမှုကိုရပြီးမှပျောက်သောသားကဲ့သို့ လောကထဲ၌ နစ်မွန်းအသက်ရှင်နေပါကလည်း ဘုရားသခင်ထံသို့နောင်တနှင့်ပြန်လာခြင်းအားဖြင့် ပျော်ရွှင်ဝမ်းမြောက်သောအသက်တာကို ခံစားနိုင်ဖို့ရန် မိမိတို့အသက်တာများကိုပြင်ဆင်ကြဖို့ မေတ္တာနှင့်အသိပေးဝေမှလိုက်ရပါသည်။

‘နာမတော်မြတ်၌’

***ဆရာဦးတင်မောင်ညို***

[illegible]

(BE BALANCED)

*ယခင်လမှအဆက် –*

ကျမ်းစာကျောင်း ဟူသည်အသင်းတော်ကို အထောက်အကူပြုနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဓမ္မပညာကို စနစ်တကျဖြန့်ဖြူးပေးနေသည့် ဌါနကြီးလည်း ဖြစ်ပေသည်။ သို့သော် ကျမ်းစာကျောင်းအားလုံးက အသင်းတော်ကို အထောက်အကူပြုသည်တော့မဟုတ်။ မှားယွင်းသော သီအိုလော်ဂျီကို ပို့ချနေသည့် ဓမ္မတက္ကသိုလ်များလဲရှိသည် တကယ်တော့ ကျမ်းစာကျောင်းတက်ခြင်း၊ မတက်ခြင်းကအဓိက မဟုတ်ပါ။ ဘုရားသခင်အသုံးပြုခြင်းသည် ဘွဲ့ရခြင်း၊ မရခြင်းနှင့် မသက်ဆိုင်၊ ဘုရားသခင်ထံ မိမိအသက်တာကို အပြည့်အဝဆက်ကပ်အပ်နှံသူ ဖြစ်ဖို့သာပို၍ အရေးကြီးပေသည်။ ကျမ်းစာကျောင်းမတက်ဘဲ ထူးချွန်ပြောင်မြောက်စွာ အမှုတော်ဆောင်နေသူများ ရှိသကဲ့သို့ ကျမ်းစာကျောင်းဘွဲ့ရ ပြီးနှိမ့်ချစွာဖြင့် အမှုတော်မြတ်၌ အစေခံနေသူတွေလည်း ဒုနဲ့ဒေးရှိပေသည်။

## ချီးမွမ်းခြင်းနှင့်ကိုးကွယ်ခြင်း

(Praise and Worship)

ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်းသည် ဤခေတ်ကာလ၌ ဝိညာဉ်တော်၏ အသစ်ဖွင့်ပြမှုတစ်ခုဟုဆိုနိုင်သည်။ ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်းအားဖြင့် ကမ္ဘာအရပ်ရပ်ရှိအသင်းတော်များ နိုးထမှု ဖြစ်လာသည်မှာ ကျွန်ုပ်တို့အားလုံး အသိပင်ဖြစ်သည်။

ဘုရားသခင်အား ချီးမွမ်းကိုးကွယ် ရာတွင်ပုံစံအမျိုးမျိုးရှိကြောင်း သမ္မာကျမ်းစာမှ ဖော်ပြပါသည်။ သာယာစွာ တီးခတ်ခြင်း၊ ငြိမ်သက်ဖြည်းညှင်းစွာဖြင့် သီဆိုခြင်း၊ အသံစုံ (Choir) အဖွဲ့ဖြင့် သီဆိုခြင်း၊ မတ်တပ်ရပ်လျှက်၊ လက်ခုပ်တီးလျှက်၊ ကြွေးကြော်အော်ဟစ်လျှက်၊ ကခုန်လျှက် သီဆိုချီးမွမ်းခြင်း စသည်ဖြင့် အမျိုးမျိုးရှိရာ မိမိနှစ်သက်သလို ချီးမွမ်းကိုးကွယ်နိုင်

သော်လည်း တယူသန်အစွန်းရောက်ခံယူမှုမျိုး မပြုအပ်ချေ။

'ဘုရားရှင်ကို ချီးမွမ်းကိုးကွယ်မယ်ဆိုရင် အသံကျယ်ကျယ်နဲ့ အော်ဟစ်ရမယ်၊ ကရမယ်၊ ခုန်ရမယ်၊ လက်ခုပ်ကို ပေါက်ဒီလို တီးရမယ် ဒါမှမှန်တယ်' အချို့ကမူ 'ဘုရားရှင်ကို ချီးမွမ်းကိုးကွယ်တယ်ဆိုတာ လောကီမဆန်ရဘူး၊ Piano တစ်လုံးဆိုလုံလောက်ပြီ၊ ကတာတို့ ခုန်တာတို့ဆိုတာက ရှုန်းရင်းဆန်ခတ်ဖြစ်စေတယ်။ ရိုးရိုးလေးနဲ့ ဓမ္မသီချင်းကြီးတွေဆိုမှ ဘုရားရှင်ကို ရိုသေလေးမြတ်ရာရောက်တယ်'

နှစ်ဖက်စလုံး အစွန်းရောက်နေခြင်းသာ ဖြစ်သည်။ မိမိနှစ်သက်ရာတစ်ခုတည်းကိုသာ ပုံသေကျင့်ဖို့မဟုတ်ပေ။ ဘုရားရှင်၏ ဝိညာဉ်တော်က ကျွန်ုပ်တို့အားသူ့နေရာ၊ အချိန်အခါနှင့် လျော်ညီစွာ ပညာသတိနှင့်ပြု မူတက်ရန် အလိုတော်ရှိပါသည်။ သစ်၊ ဝါးခြမ်းခင်းထားသည့် အိမ်၌ Home Cell အစီအစဉ်လုပ်ရင်း ခုန်ပေါက်ချီးမွမ်းကြသည့်အတွက်ကြောင့် ကြမ်းခင်းကျိုးရုံမကဆူညံလွန်း၍ ရပ်ကွက်က ခဲနှင့်ပေါက်ခံရသည့်သူတွေလဲ ရှိသည်။ အခြားတစ်ဖက်ကိုကြည့်လျှင် မိရိုးဖလာထုံးတမ်းစဉ်လာအတိုင်း ပုံသေနည်းဖြင့်ဝတ်ပြုကိုးကွယ်သောအသင်းတော်များသည်လည်း တစ်နေ့တစ်ခြား တိုးတက်လာခြင်းမရှိ၊ ဝိညာဉ်ရေး၌ အေးစက်စက်ဖြစ်နေသည်ကိုလဲ တွေ့ရသည်။

တစ်ဖက်စွန်းခံယူမှုမှန်သမျှသည် သမ္မာကျမ်းစာနှင့် ကိုက်ညီခြင်း (Biblical) မဖြစ်ချေ။ အစွန်းရောက်ဖြစ်ခြင်းကို ရှောင်ကြဉ်ပါ။ နေရာဒေသအချိန်အခါကိုကြည့်၍ ဘုန်းတော်ထင်ရှားစေမည့် ချီးမွမ်းကိုးကွယ်ခြင်းပုံစံကို ပညာရှိစွာဖြင့် ပြောင်းလဲအသုံးပြုပါ။ ချီးမွမ်းသည့်ပုံစံကအဓိကမကျပါ။ ဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း၊ ချီးမွမ်းကိုးကွယ်တတ်ဖို့ရန် ပို၍အရေးကြီးလှပေသည်။ (ယော ၄း၂၄)

**အနာရောဂါငြိမ်းခြင်း** (Healing)

ယေရှုခရစ်တော် ဤလောက၌ရှိစဉ် အမှုတော်ဆောင်ခြင်းကို ကြည့်သည့်အခါ ဧဝံဂေလိတရားကိုဟောပြောခြင်း၊ နှုတ်ကပတ်တော် တရားတော်ကိုသွန်သင်ခြင်း၊ လွှတ်ခြင်းအခွင့်ပေးခြင်း၊ နတ်ဆိုးတို့အား နှင်ထုတ်ခြင်းတို့အပြင် အနာရောဂါအမျိုးမျိုး ငြိမ်းစေခြင်းကိုလဲ တွေ့ရပါသည်။ ယေရှုခရစ်တော်သည် မနေ့၊ ယနေ့၊ နောင်ကာလ မပြောင်းလဲ အသက်ရှင်တော်မူသောကြောင့် ယနေ့တိုင်သူ၏ အနာငြိမ်းစေခြင်းအမှုတော် (Healing Ministry) ကို အသင်းတော်အားဖြင့် ဆက်လက် ဆောင်ရွက်လျှက်ရှိပါသည်။

'ကျမ်းစာပြည့်စုံသွားပြီဖြစ်တဲ့အတွက် ယနေ့ကာလ ဆုကျေးဇူးတွေ၊ နိမိတ်လက္ခဏာတွေ၊ အနာရောဂါငြိမ်းခြင်းတွေ မရှိတော့ဘူး' 'ဘုရားရှင်ဟာ အနာရောဂါငြိမ်းစေသူဖြစ်တယ်။ ရောဂါဖြစ်ရင် ဆရာဝန်ပြစရာမလိုဘူး။ ဆေးထိုးဆေးသောက်ရှုဖို့ လိမ်းဖို့ မလိုအပ်ဘူး။ ယုံကြည်ခြင်းနဲ့ဆုတောင်းရင် ရောဂါအားလုံးပျောက်မှာဘဲ' အစွန်းရောက်သူတို့၏ ယုံကြည်ခြင်းသာဖြစ်သည်။ သမ္မာကျမ်းစာ၏ သွန်သင်ချက်မဟုတ် ဆေးမသောက်ဘဲ ယုံကြည်ခြင်းနှင့်ဆုတောင်း၍ ကုမရသည့် ရောဂါတွေ ပျောက်ကင်းတာရှိသကဲ့သို့၊ ဆရာဝန် ညွှန်ကြားသည့်အတိုင်း ဆေးထိုးဆေးသောက်ခြင်း လေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်းဖြင့်လည်း အနာရောဂါပျောက်ကင်းခွင့်ကိုလည်း ဘုရားရှင်က ပေးထားပါသည်။ အမှန်မှာ ဆရာဝန်ကုသ၍(သို့) ဆေးကောင်း၍ အနာရောဂါပျောက်ခြင်းမဟုတ်၊ ၎င်းတို့သည် ဘုရားသခင်၏ တန်ဆာပလာများသာ ဖြစ်သည်။ ၎င်းတို့အပေါ်၌ ယုံကြည်ခြင်းကိုတည်ဆောက်ရမှာမဟုတ် စစ်မှန်သောအနာရောဂါငြိမ်းခြင်းမှန်သမျှသည် ဘုရားရှင်ထံမှသာလာပါသည်။ ကိုယ်တော်တစ်ပါးထည်းသာလျှင် အနာရောဂါပျောက်စေသူ (Healer) ဖြစ်သည်။ အနာရောဂါငြိမ်းဖို့အတွက် ဘုရားသခင်နှင့်သူ၏ နှုတ်ကပတ်တော်၌သာ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို တည်ဆောက်ရမည်။

တစ်ဖက်မှကြည့်လျှင် ဆရာဝန်ဆီသွားခြင်း၊ ဆေးထိုးဆေးသောက်ခြင်းသည် ဘုရားသခင်၏အလိုတော်မဟုတ်ဟုဆိုပါက ဘုရားရှင်ဖန်ဆင်းထားသည့် ဆေးပင်ဆေးမြစ်များဖြင့် ဖော်စပ်ထားသောဆေးဝါးများ၊ ဆရာဝန်သူနာပြုများနှင့် သားဖွားဆရာမများသည် စာတန်၏ အကြံအစည်သာဖြစ်လိမ့်မည်။ ထိုကဲ့သို့မဟုတ်ပေ။ သင်၏အနာရောဂါ ငြိမ်းစေဖို့အတွက် ဘုရားရှင်ဖွင့်ပြသည့်အတိုင်း နာခံလုပ်ဆောင်၍ ကျမ်းမာခြင်းကိုရယူပါ။

**ကြွယ်ဝချမ်းသာခြင်း** (Properity)

ကြွယ်ဝချမ်းသာခြင်းနှင့်ပတ်သက်၍လည်း တစ်ဖက်စွန်းခံယူချက်မထားဖို့ရန် အရေးကြီးလှပေသည်။ ဘုရားသားသမီးတိုင်း သန်းကြွယ်

သူဌေးများဖြစ်ရမည်ဟုကျမ်းစာကအာမခံထားခြင်းမရှိသကဲ့သို့ တစ်သက်လုံး ဆင်းရဲချို့တဲ့စွာဖြင့်သာ အသက်ရှင်ပြီးကောင်းကင်ရောက်မှသာချမ်းသာမည်ဟုလဲ ဆိုထားခြင်းမရှိပါ။ ကျွန်ုပ်တို့လိုအပ်သမျှကို ဘုရားရှင်က လုံလောက်စွာ မစမည်ဖြစ်ကြောင်း ကတိတော်ရှိပါသည်။ (ဆာ ၂၃း၁ ၊ ဖိလိပ္ပိ ၄း၁၉)

ယေဘူယျအားဖြင့်ဆိုရလျှင်ကျွန်ုပ်တို့သည် ဝိညာဉ်ပိုင်းသာမက ခန္ဓာပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ၌လည်း ကြွယ်ဝချမ်းသာဖို့ရန် ဘုရားရှင်အလိုတော်ရှိပါသည် သို့သော်ချွင်းချက်အနေဖြင့် ဘုရားရှင်က သူ၏ဘုန်းတော် ထင်ရှားဖို့သူ၏နိုင်ငံတော်ကို ကျယ်ပြန့်စေဖို့ရန်၊ အချို့သော သာသနာပြုပုဂ္ဂိုလ်များအား ဒုက္ခဆင်းရဲ ခံစေခြင်းဖြင့်သော်လည်းကောင်း၊ မာတုရအဖြစ် သော်လည်းကောင်း အခွင့်ပေးတတ်သည်။ (ဥပမာ – မြန်မာပြည်သို့သာသနာပြုခဲ့သော ဆရာကြီးယုဒသန်၊ ကွန်မြူနစ် ရိုမေးနီးယားနိုင်ငံ၌ ဧဝံဂေလိ တရား ဟောပြောသောကြောင့် (၁၄) နှစ်တိုင်ထောင်ချခံရရုံမက နှိပ်စက်ညှင်းပန်းခြင်းခံခဲ့ရသော ဆရာကြီးရစ်ချက်ဝမ်ဘရမ်၊

ယနေ့ အမေရိကားမှာရှိသည့်ဆရာကြီး ကဲနက်သ်ခုပ်လန်း (Keneeth Copeland) သည် အလွန်ဆင်းရဲသည့်လူတစ်ယောက်ဖြစ်ခဲ့သည်။ ဆင်းရဲနုံချာစွာနှင့်ပင် အိမ်ထောင်ကျပြီး နောက်သူ့အသက် (၃၀)ကျမှ အမှုတော်စတင်ဆောင်ရွက်ခဲ့သူဖြစ်သည်။ ‘ဘုရားရှင်၏ ကြွယ်ဝချမ်းသာသော ကတိတော်များ’ ကိုစွဲ၍ အသက်ရှင်ခြင်းကြောင့် အလွန်ကြွယ်ဝချမ်းသာသူတစ်ဦး ဖြစ်လာခဲ့သည်။ ကြီးမားသော Ministry ကြီးကို ဦးဆောင်လျှက်ရှိရုံမက ထိရောက်စွာအမှုတော်ဆောင်ဖို့အတွက် ရည်ရွယ်ပြီး မကြာမီက လေယာဉ်အသစ် နှစ်စီးဝယ်ယူခဲ့ပါသည်။

ဘုရားရှင်က ကျွန်ုပ်တို့အား ကြွယ်ဝချမ်းသာသူများ ဖြစ်ဖို့အလိုရှိပါသည်။ သို့သော် အချို့သောသူများအား သူ့ဘုန်းတော်အတွက် ထူးခြားစွာအသုံးပြုကြောင်း သတိပြု၍ အောက်ပါတစ်ဖက်စွန်းခံယူချက်များကို ရှောင်ကြဉ်ပါ။

- ဘုရားသားသမီးဆိုတာ ချမ်းကိုချမ်းသာရမယ်။ မချမ်းသာတဲ့သူတွေဟာ ဘုရားရှင်ရဲ့အလိုတော်ကို နားမလည်လို့ပဲ။
- ချမ်းသာကြွယ်ဝခြင်းဆိုတာ လောကီစည်းစိမ်ဝါကြွားဖို့အတွက်ပဲ။ ဖြောင့်မတ်စွာ အသက်ရှင်သူတစ်ဦးနဲ့ ငွေကြေးချမ်းသာခြင်းဟာ ဆန့်ကျင်ဖက်ဖြစ်တယ်။

နိဂုံးစကား

ဟန်ချက်ညီစွာဖြင့် အသက်ရှင်တတ်သူများဖြစ်ဖို့ရန် အောက်ပါအကြံပြုချက်များကို လိုက်နာဆောင်ရွက်ပါ။

- နေ့စဉ်ဆုတောင်းခြင်းဖြင့် ဘုရားရှင်နှင့် မိတ်သဟာရဖွဲ့ပါ။
- သမ္မာကျမ်းစာကို နေ့စဉ်မှန်မှန်ဖတ်ရှုပါ။
- သမ္မာကျမ်းစာနှင့်ကိုက်ညီခြင်းမရှိသော မိရိုးဖလာသွန်သင်မှုများ၊ ဝိနည်းအထုံးအဖွဲ့များကို တရားသေမစွဲကိုင်ပါနှင့်။
- ခေတ်ကာလ၏ ဩဝါဒများကို မှန်ကန်စွာ ပိုင်းခြားတတ်သောဉာဏ်ပညာရှိဖို့ ဝိညာဉ်တော်ဘုရားထံ ရိုးသားစွာ တောင်းလျှောက်ပါ။
- အသစ်သောသွန်သင်မှုများ၊ ပရောဖက်ပြုမှုများ ကြားသိရသည့်အခါ ဗေရိမြို့သားတို့ကဲ့သို့ ကျမ်းစာနှင့်တိုက်ဆိုင်စစ်ဆေးပါ။
- မိမိကိုယ်တိုင်မပိုင်းခြားတတ်ပါက ဝိညာဉ်ရေးရာ၌ ရင့်ကျက်သောသူများနှင့် ဆွေးနွေး၍ အကြံပြုချက်များ ရယူပါ။
- နှုတ်ကပတ်တော်ကိုအခြေမပြုပဲ စိတ်လှုပ်ရှားမှု Emotion ကိုသာ ဦးစားပေးသော သွန်သင်မှုများနောက်သို့ မလိုက်ပါနှင့်။

စာဖတ်သူမိတ်ဆွေ အယောက်စီတိုင်း ဩဝါဒ လေတိုက်၍ ဖရိုဖရဲလွင့်သွားသော သူငယ်ကဲ့ သို့မဖြစ်ဘဲ၊ သမ္မာတရားကို မှန်ကန်စွာပိုင်းခြားတတ်သော ခရစ်တော်၌ကြီးရင့်သော သူများဖြစ်ဖို့ရန်နာမတော်မြတ်၌သတိပေး နှိုးဆော်လိုက်ရပါသည်။ (ဧဖက် ၄း၁၃–၁၄)

သိန်းသန်း



# နောက်လှည့်မကြည့်နဲ့

ကမ္ဘာဦးကျမ်းအခန်းကြီး (၁၉) တွင် သောဒုံနှင့်ဂေါမောရမြို့သားတို့ပြုသော အပြစ်များကြောင့်ထိုမြို့များကို မဖျက်ဆီးမီ၊ လောတနှင့်မိသားစုကို ကောင်းကင်တမန်များမှ လိုက်နာလုပ်ဆောင်ရန် မှာကြားခဲ့သော အကြောင်းအရာအချက် (၇) မှာ၊ ယခုကာလအချိန်အပြစ်များနှင့်ပြည့်နှက်လျှက်ရှိသော ခေတ်ကာလ၌ အသက်ရှင်နေထိုင်နေသူများအတွက် မူဗျာဒိတ်တော်စကားဖြစ်သည်ဟုဆိုလျှင် မှားမည်မထင်ပါ။ ကောင်းကင်တမန်များက လောတအား အောက်ဖော်ပြပါအကြောင်းအရာ (၇) ချက်ကိုလိုက်နာလုပ်ဆောင်ရန် မှာကြားခဲ့ပါသည်။

(၁) မိုးသောက်သောအခါ ကောင်းကင်တမန်တို့သည်လောတကိုလှုံ့ဆော်လျှက် သင်သည်ထ၍ (က ၁၉း၁၅) လောတအားလက်ရှိသူနေထိုင်သောအရပ်မှ အချိန်ရှိခိုက် စောလျင်စွာထ၍ ထွက်သွားရန် မှာကြားခဲ့သည်။

(၂)ဤအရပ်၌ရှိသော မယားနှင့်သမီး နှစ်ယောက်ကို ယူသွားလော့ (က ၁၉း၁၅) လောတကို တစ်ဦးတည်းရုန်းထွက်ရန် ဘုရားရှင်အလိုမရှိပါ။ အတူနေထိုင်လျှက်ရှိသော ဇနီးမယားနှင့် သမီးနှစ်ဦးကိုပါ ပျက်စီးခြင်းမှ လွတ်မြောက်ရာသို့ ခေါ်ထုတ်သွားရန် လောတကို မှာကြားခဲ့သည်။

(၃)သင်သည် အသက်ချမ်းသာရခြင်းငှာ ပြေးလော့ (က ၁၉း၁၇) ထာဝရဘုရား၏ ပျက်စီးခြင်းမှ ကင်းလွတ်၍ ထာဝရအသက်ချမ်းသာခြင်းကို ရရှိစေခြင်းအလိုငှာ၊ တုန့်ဆိုင်းတွေဝေမနေဘဲ အချိန်ရှိခိုက် အလျင်အမြန်၊ မကောင်းသောအပြုအမူစရိုက်အကျင့်များ စိုးမိုးရာပတ်ဝန်းကျင်မှ ပြေးထွက်ရန် မှာကြားခဲ့သည်။

(၄)နောက်သို့လှည့်မကြည့်နှင့် (က ၁၉း၁၇) ဘဝဟောင်း ဇာတိလူအဖြစ်အသက်ရှင်ခဲ့စဉ် တွေ့မြင်သင်ယူလုပ်ဆောင်မိသော အရာများ၊ ဓလေ့ထုံးစံများကို လုံးဝမေ့ပစ်ရန် မှာကြားခဲ့သည်။

(၅) မြေညီသောအရပ်၌အလျင်းမနေနှင့် (က ၁၉း၁၇) ဇာတိပကတိ သဘောနှင့်ဝိညာဉ်ပကတိ သဘောနှစ်ခုစပ်ကြားတွင် မနေရန်၊ မကျင့်ရန် မှာကြားခဲ့သည်။

(၆) တောင်ပေါ်သို့ပြေးလော့ (က ၁၉း၁၇) ဘုရားရှင်နှင့်နေ့စဉ် နီးကပ်စွာအသက်ရှင်ရန် မှာကြားခဲ့သည်။

(၇)အလျင်အမြန်ပြေးလော့ (က ၁၉း၂၂) ဆိုးသွမ်းသောသူတို့ကိုဖျက်ဆီးရန်အချိန်ကာလသည် နီးကပ်ပြီဖြစ်၍အမြန်ဆုံးအချိန်ရှိခိုက် လုပ်ဆောင်ရန်မှာကြားခဲ့သည်။

## ယနေ့ခေတ်သောဒုံနှင့်ဂေါမောရ

ထိုခေတ်ကာလ သောဒုံနှင့်ဂေါမောရမြို့သားများတို့ပြုခဲ့သော ဘုရားရှင်မနှစ်သက်သည့် အပြစ်များစွာရှိသော်လည်း ထိုမြို့များကို မဖျက်စီးခင်ကာလဖြစ်သည့် ကမ္ဘာဦးကျမ်းအခန်းကြီး (၁၉) တွင် အလေးပေးဖော်ပြခဲ့သော ထိုမြို့သားတို့၏ အပြစ်မှာလိင်တူခြင်းဆက်ဆံမှု ဒုစရိုက်အပြစ်ဖြစ်သည်။ သောဒုံ (sodom) မြို့သားတို့၏ဆိုးညစ်သော ယောက်ျားချင်းလိင်တူဆက်ဆံသည့်အကျင့်ကိုအစွဲပြု၍၊ (sodomy) ဟူသော ယောက်ျားချင်းလိင်တူဆက်ဆံခြင်းဟု အဓိပ္ပါယ်ရသော စကားလုံးဝေါဟာရ ပေါ်ပေါက်ခဲ့ရသည်။ ဘုရားရှင်သည် သောဒုံနှင့်ဂေါမောရမြို့များကို ဖျက်ဆီးရသော အချက်များအနက် ယင်းယောက်ျားချင်းဆက်ဆံမှုတည်းဟူသော ဒုစရိုက်အပြစ်သည်လဲ အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ ယခုခေတ်လောက ကမ္ဘာကြီးကိုကြည့်လျှင် သောဒုံ ဂေါမောရမြို့သားတို့၏ အပြစ်များနှင့် ပြည့်နှက်လျှက်ရှိသည်။ လူ့အခွင့်အရေးကိုကြောင်းပြု၍ ယောက်ျားချင်းတရားဝင်အိမ်ထောင်ပြုခွင့် လိင်တူချင်းဆက်ဆံခွင့်များသာမက၊ အမျိုးသမီးချင်း တရားဝင် လက်ထပ်ခွင့်၊ လိင်တူချင်းဆက်ဆံခွင့်များကိုပါ ရရှိရန်ကြိုးပမ်းလျှက်ရှိသည်။ သာ၍ဆိုးသည်က ဘုရားရှင်အလိုတော်ကိုပင် အလေးမထား၊ မိမိတို့အာဏာတည်တံ့ရေး၊ ရွေးကောက်ပွဲများတွင် မိမိတို့အဖွဲ့အစည်းမှ မဲများများရရှိရေးကို ဦးစားပေး၍ အမေရိကန်နိုင်ငံ မက်ဆားချူးဆက်ပြည်နယ်တွင်လိင်တူချင်းတရားဝင် အိမ်ထောင်ပြုခွင့်၊ လိင်တူချင်းဆက်ဆံခွင့်ကို တရား ဥပဒေကြောင်းအရ ခွင့်ပြုခဲ့ကြောင်း သိရှိရသည်။ သည့်ထက်သာ၍ဆိုးသည်က မိမိတို့ယောက်ျားချင်း လိင်တူဆက်ဆံချင်းအမှုကိုပြုသူပါဟု လက်ပူးလက်ကျပ်မိမှ မတတ်သာ၍ ထုတ်ဖော်ဝန်ခံခဲ့သော၊ အမည်ပင်မဖော်ပြလိုသော အသင်းတော်တစ်ပါးမှ ဂိုဏ်းအုပ်ဘစ်ရှော့(ပ်) တစ်ဦးကိုအမေရိကန်၌ပင် အားပေးနှစ်သိမ့်သည့်အနေဖြင့် အပေါင်းအပါများက ဝိုင်း၍သိက္ခာတင်ပေးနေသောဓါတ်ပုံများကို သတင်းစာတွင် မြင်ရသောအခါ၊ ဘုရားအလိုတော်ထက် လူ့အလိုကို ဦးစားပေးကြသည့် ယခုကာလ သောဒုံနှင့်ဂေါမောရသားတို့၏ အပြုအမူကြောင့် ဝမ်းနည်းမိသည်။

## ထလော့

သင်သည်ယခု သောဒုံနှင့်ဂေါမောရတို့အကျင့်များကို ကျင့်နေသူဖြစ်ပါက၊ ယခုပင်ချက်ခြင်းထလော့၊ အကျင့်ဆိုးများကို စွန့်

ပစ်လော့၊ နောင်တရလျှက် သင့်အသက်တာကို ခရစ်တော်လက်တော်ထဲသို့ အပ်နှံလော့။

**သင့်လက်ထဲတွင်ဘုရားရှင်အပ်နှံထားသောသူများ** ကိုပါ သင်နှင့်အတူခေါ်ဆောင်၍ ဘေးလွတ်ရာသို့သွားကြလော့။ နောက်ဆုံးသောကာလ ဆိုးယုတ်သူတို့ကို ဖျက်ဆီးမည့်အချိန်ကာလသည် ရောက်လုပြီဖြစ်၍ တွေဝေတုန့်ဆိုင်းမနေဘဲ၊ ယခုပင် အလျင်အမြန်၊ ထာဝရငရဲမှလွတ်၍ ထာဝရအသက်ကိုရရှိစေခြင်းငှာ ဆိုးယုတ်သောနေရာ၊ အကျင့်ဆိုးများကို စွန့်၍ပြေးကြလော့။

## နောက်သို့လှည့်မကြည့်နှင့်

သခင်ခရစ်တော်သည် ယုံကြည်သူတိုင်းကို အသွေးတော်နှင့် ရွေးဝယ်ခဲ့ပြီးဖြစ်၍၊ စာတန်သည် ကျွန်ုပ်တို့ဝိညာဉ်များကို မဖျက်ဆီးနိုင်ပါ (ယော ၁၀း၂၀) ။ သို့သော် စာတန်သည် ယုံကြည်သူများကို သောဒုံဂေါမောရ၏ အကျင့်ဆိုးများ ပြန်လည်သတိရစေခြင်းဖြင့် အပြစ်ပြုမိရန် (နောက်သို့လှည့်ကြည့်မိစေရန်) အစဉ်သွေးဆောင်ကြိုးပမ်းနေမည်သာ ဖြစ်သည်။ ကျွန်ုပ်တို့ကိုယ်ခန္ဓာ (ဝဲဘက်၊ မြောက်မျက်နှာရှိ) ကျွန်ုပ်တို့စိတ်နှလုံးပလ္လင်ပေါ်တွင် လုယူစိုးမိုးခြင်းဖြင့် ကျွန်ုပ်တို့စိတ်ခန္ဓာကိုယ်ကိုဖျက်စီးမည်ဖြစ်ကြောင်းရှေးဦးမဆွကပင် ကြိုးဝါးရန် ဖွဲ့ခဲ့သည် (ဟေရှာ ၁၄း၁၃၊ ၁ ကော ၅း၅ )။ ထို့ကြောင့် ထာဝရဘုရားရှင်ကလည်းစာတန် (အာမလက်)အား ထာဝရဘုရား၏ပလ္လင်တော်၏ ရန်သူအဖြစ်သတ်မှတ်ခဲ့ပါသည်။

'သင်ကလည်း ကောင်းကင်ပေါ်သို့ ငါတက်မည်။ ဘုရားသခင်၏ကြယ်တို့အပေါ်မှာ (ယုံကြည်သူများ) ငါ့ပလ္လင်ကိုငါချီးမြှောက်မည်။ မြောက်မျက်နှာဘက်၊ ဗျာဒိတ်တော်တောင်ပေါ်မှာ (ယုံကြည်သူတို့၏နှလုံးသားပလ္လင်ပေါ်မှာ) ငါထိုင်မည်' (ဟေရှာ ၁၄း၁၃) 'အကြောင်းမူကား၊ အာမလက်အမျိုး၏လက်သည် ထာဝရဘုရား၏ ရာဇပလ္လင်တော် (ယုံကြည်သူတို့၏စိတ်နှလုံး) ၏ရန်ဘက်ဖြစ်သောကြောင့်၊ ထာဝရဘုရားသည် ကာလအစဉ်အဆက် အာမလက်အမျိုးကို စစ်တိုက်တော်မူလိမ့်မည်ဟု ဆိုသတည်း' (ထွက်၁၇း၁၆)

ထို့ကြောင့်ကျွန်ုပ်တို့၏ အကြောက်ရဆုံးသောရန်သူမှာ ကျွန်ုပ်တို့၏ ဇာတိစိတ် ဖြစ်ပါသည်။ လောတ၏ဇနီးသည်မှာ ကောင်းကင်တမန်၏မှာကြားချက်ကို နားမထောင်ဘဲနောက်သို့ လှည့်ကြည့်မိ၍ ခန္ဓာပျက်စီးခဲ့ရသည် (ထွ ၁၉း၂၆၊ ၁ကော ၅း၅)။ လောတနှင့်သမီးနှစ်ဦးမှာမူ ကာယကံမြောက် နောက်သို့ခန္ဓာကိုယ်ဖြင့် လှည့်မကြည့်ခဲ့ကြသော်လည်း၊ ၎င်းတို့ခန္ဓာကိုယ်အနေဖြင့် သောဒုံနှင့် ဂေါမောရမြို့မှ ထွက်ခွာလာခဲ့ကြသည်မှန်သော်လည်း ၎င်းတို့၏စိတ်မှာမူ သောဒုံနှင့် ဂေါမောရ မြို့မှာပင် ကျန်ရှိခဲ့ကြောင်း၊ နောက်ပိုင်း သူတို့ပြုမူခဲ့ကြသည့် အပြုအမူ (က ၁၉း၃၁–၃၈) များကသက်သေထူလျှက်ရှိသည်။ သူတို့ ကျူးလွန်သောအပြစ်များကြောင့်သူတို့ မှဆင်းသက်လာသော အမ္မုန်နှင့်မောဘမျိုးနွယ်များမှာ ကျိန်ခြင်းခံကြရသည်။

- (တရားဟော ၂၃း၃) ထာဝရဘုရားသည် ထိုလူမျိုးစုတို့ကို အမျိုးဆက် (၁၀) ဆက်တိုင် ပယ်တော်မူသည်။
- (နေဟမိ ၁၃း၁) ထာဝရဘုရား၏ လူမျိုးစုတော်ထဲသို့ ထိုလူမျိုးစုတို့ဝင်ခွင့်မရရှိကြ။
- (နေဟမိ ၁၃း၂၃) ထိုလူမျိုးစုမှ ဆင်းသက်လာသူများကို အခြားဣသရေလမျိုးနွယ်များမှ လက်ထပ်ခြင်းမပြုရန် တားမြစ်ခြင်းခံရသည်။

ထို့ကြောင့် သခင်ခရစ်တော်သည် အသွေးတော်အားဖြင့် (ကော ၂း၁၅)။ ကျွန်ုပ်တို့ကို ရွေးနုတ်ကယ်တင်ပြီးဖြစ်၍ ကျွန်ုပ်တို့၏ ဝိညာဉ်ကို စာတန်မလုယူ မဖျက်စီးနိုင်သော်လည်း၊ ကျွန်ုပ်တို့၏စိတ်နှင့်ခန္ဓာကိုယ်ကိုမူ စာတန်သည် သွေးဆောင်ဖြားယောင်း၍ ဖျက်စီးနိုင်ပါ သည်။ စာတန်ရန်မှကင်းဝေးစေရန် မိမိကိုယ် စိတ်နှလုံးအသက်တာအားလုံးကို ဘုရားရှင်ထံတော်ပါးသို့ လုံးလုံးအပ်နှံ၍ ဘုန်းတော်ထင် ရှားစရာအဖို့ အလိုတော်အတိုင်း အသုံးတော်ခံပါ။ ကာယကံမြောက်သော်၎င်း၊ စိတ်အမူအကျင့်အားဖြင့်သော်၎င်း၊ နောက်သို့လှည့်မကြည့်နှင့် ဟု မေတ္တာရှေ့ထား၍ ရှာဖွေလျှက်ရှိပါသည်။ (၁ပေ ၅း၈)

'တစ်ဖန်တုံ၊ သူတို့ပြစ်မှားခြင်း၊ လွန်ကျူးခြင်း အမျိုးမျိုးကို ငါမအောက်မေ့ဘဲ နေမည်ဟု လာသတည်း။ ထိုအပြစ်တို့ကို လွှတ်ပြီးလျှင် နောက်တဖန်အပြစ်ဖြေသောပူ ဇော်သက္ကာကို ပြုစရာအကြောင်းမရှိ' (ဟေ ၁၀း၁၇)

ထာဝရအရှင်ဘုရားသခင်သည် သခင်ယေရှုခရစ်တော်အားဖြင့် ကျွန်ုပ်တို့ကျူးလွန်မိသော အပြစ်များကို ခွင့်လွှတ်ရုံမျှမက၊ မအောက်မေ့ဘဲ နေသကဲ့သို့ (ဟေ ၁၀း၁၇)၊ ကျွန်ုပ်တို့ယုံကြည်သူတို့အနေဖြင့် အပြစ်လွှတ်ခြင်းအခွင့်ကို ရယူပြီးနောက် မိမိတို့ဘဝဟောင်းမှ အတွေ့အကြုံများ၊ လေ့ထုံးစံများ၊ ခံစားတွေးခေါ်ချက်များကို လုံးဝမေ့ပစ်၍ အလိုတော်နှင့်အညီ၊ (ဖေက် ၄း၁၃) တွင် ဖော်ပြသည့်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ကြီးထွားရန်လိုပါသည်။ သို့မှသာ ဝိညာဉ်တော်နှင့်ပြည့်ဝလျှက် ဘုရားအသုံးပြုနိုင်သည့် သူများဖြစ်နိုင်ပေမည်။ အနောက်သို့လှည့်ကြည့်နေသမျှ ကာလပတ်လုံး၊ စာတန်ကိုမိမိစိတ်နှလုံးပလ္လင်ပေါ်တွင် စိုးမိုးခွင့်ပေးသည့် ကာလပတ်လုံး၊ ဘုရားရှင်သင့်ကို အသုံးမပြုနိုင်ပါ။ ထို့ကြောင့် 'နောက်သို့လှည့်မကြည့်နှင့်' 'မြေညီအရပ်၌ အလျင်းမနေနှင့်' 'တောင်ပေါ်သို့အလျင်အမြန်ပြေးလော့' ဟု ဆန္ဒပြုတိုက်တွန်းလျှက် ...

***ဒေါက်တာမြင့်အောင် (တာချီလိတ်)***